Third Story Project

in cooperation with

myanmar Story Tellers

facebook.com/thirdstorychildrenbooks

ISBN 978-99971-73-98-0

# နတ်ပေါက်စီရဲ့သက်ရှည်ဆေး

ဦးဦးပုံပြင် (ဒေါက်တာ ဇာနည်ဝင်း)
ကာတွန်းသရုပ်ဖော် – ဏံထူးအောင်



# ကလေးတို့ ဖြေဆိုရန်မေးခွန်းများ




နတ်ပေါက်စီက ဖိုးဖိုးဇီဝကဆီ ဘာလို့သွားတာလဲ။



နတ်ပေါက်စီက လမ်းမှာ ဘာတွေနဲ့ တွေ့ခဲ့လဲ။



ဖိုးဖိုးဇီဝက က ဘာတွေပြောလဲ။



ကလေးတို့ကျန်းမာအောင် ဘယ်လိုနေရမလဲဆိုတာ သိသလောက် ပြောပြပါ။

# နတ်ပေါက်စီရဲ့ သက်ရှည်ဆေး


ဦးဦးပုံပြင် (ဒေါက်တာဇာနည်ဝင်း)

ကာတွန်းသရုပ်ဖော် – ကံထူးအောင်

တည်းဖြတ် – ရွှေမိ





This book was created through a collaboration of The Asia Foundation's Let's Read initiative and Third Story Project. Let's Read brings together authors, illustrators, editors, publishers, families, and communities to create wonderful children's storybooks and meaningful reading experiences.

မြန်မာပုံပြောသူများအဖွဲ့နှင့် စေတနာရှင်လူငယ်များ (ရန်ကုန်) တို့မှ ပူးပေါင်းထုတ်ဝေသည်။


ထုတ်ဝေသူ - ဒေါ်အိပွင့်ရှိဖုံ (၀၁၇၉၃)
၀၉ - ၇၉၉၈၇၄၈၄၃
သဒ္ဒစတိုရီပရောဂျက်စာပေတိုက်
အမှတ် (၈၆)၊ မြေညီထပ်၊ ၅၂လမ်း (လယ်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ပုံနှိပ် - အေးလင်းရောင်ပုံနှိပ်တိုက် (မြဲ - ၀၁၅၂၁)
၀၉၇၅၈၂၂၈၀၁၆
အမှတ် (၁၁/D)၊ ၅၅ လမ်း (အလယ်)၊ (၂) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၂၅၀၀ ကျပ်




တစ်ခါတုန်းက ကလေးတိုင်း ချစ်ကြတဲ့ နတ်ပေါက်စီဆိုတဲ့
နတ်လေး တစ်ပါးရှိတယ်။ နတ်ပေါက်စီနေတဲ့ နေရာကတော့
ကလေးတွေ အများကြီးရှိတဲ့ ဒူဝေဝေရွာနားက
တောအုပ်လေးမှာပါပဲ။



ခုတစ်လော ဒူဝေဝေ ရွာနားက တခြားရွာတွေမှာ ကူးစက်ရောဂါတစ်ခု ပျံ့နှံ့နေသတဲ့။ ဒူဝေဝေရွာက ကလေးတွေဆီကို ဒီကူးစက်ရောဂါကြီး ရောက်မလာအောင် ရွာထဲက လူကြီးတွေ ဘယ်လိုလုပ်ရမယ် မသိတာနဲ့ နတ်ပေါက်စီဆီမှာ အကူအညီလာတောင်းကြတယ်။

နတ်ပေါက်စီလည်း စဉ်းစားရပြီ။
နတ်ပေါက်စီ စိတ်ညစ်နေတာကို တောထဲက
ဖိုးရွှေယုန်ကတွေ့သွားတယ်။
"ဘာဖြစ်နေတာလဲ နတ်ပေါက်စီရေ" လို့
မေးတော့ နတ်ပေါက်စီက "ကလေးတွေကို
ကျန်းမာသန့်စွမ်းအောင် ဘယ်လိုလုပ်ရမယ်
မသိဘူး" လို့ ပြန်ဖြေတယ်။






ဖိုးရွှေယုန်ကပြောတယ်။ “နတ်ပေါက်စီရေ
ဟိုးမြောက်ဘက်ပိုင်းက စိမ်းညို့နေတဲ့
တောအုပ်ကြီးထဲမှာ ဖိုးဖိုးဇီဝက ဆိုတာ ရှိတယ်။
သူဟာ ဆေးကုတဲ့နေရာမှာ သိပ်တော်တာပဲ။
ကလေးတွေကူးစက်ရောဂါမရအောင် ဖိုးဖိုးဇီဝက
က ကူညီပေးနိုင်လိမ့်မယ်ထင်တယ်။ ဖိုးဖိုးဆီမှာ
ဆေးသွားတောင်းပါလား”လို့ အကြံပေးတယ်။



နတ်ပေါက်စီဟာ ဖိုးရွှေယုန်ရဲ့
အကြံပေးချက်အတိုင်း ဖိုးဖိုးဇီဝကဆီကို
ထွက်လာခဲ့တယ်။ လမ်းမှာ သိပ်ကို
ကြီးမားတဲ့ညောင်ပင်ကြီးနဲ့ တွေ့တယ်။
ညောင်ပင်ကြီးအရိပ်မှာ ထိုင်ရင်း
နတ်ပေါက်စီက ညောင်ပင်ကြီးကို
လမ်းမေးလိုက်တယ်။
“ဖိုးဖိုးဇီဝကဆီ သွားဖို့
လမ်းညွှန်ပေးပါခင်ဗျာ”



ညောင်ပင်ကြီးဟာ နတ်ပေါက်စီကို ငုံ့ကြည့်တယ်။
“ဩော်. . နတ်သူငယ်လေးပါလား။ မင်းကြည့်ရတာ
ဗိုက်ဆာနေပုံပဲ။ ရော့ ငါ့ဆီက သစ်သီးဝလံတွေ စားပါဦး။
စားပြီးရင် လမ်းညွှန်ပါ့မယ်” လို့ ဆိုပြီး သူသိမ်းထားတဲ့
အစားအစာတွေ ထုတ်ကျွေးတယ်။



နတ်ပေါက်စီဟာ စိတ်ပူပူနဲ့ ထွက်လာရတာမို့ ဘာမှ စားမလာခဲ့ရဘူး။ ညောင်ပင်ကြီးကျွေးတဲ့ အသီးတွေကို စားလိုက်မှ ဗိုက်တင်းသွားတော့တယ်။



နတ်ပေါက်စီဟာ ညောင်ပင်ကြီးညွှန်တဲ့
လမ်းအတိုင်း ဆက်လာခဲ့တယ်။
ဟော ရှေ့မှာ တံတားလေး တစ်စင်းပါလား။



တံတားလေးကို လမ်းမေးတဲ့အခါ တံတားလေးက
ညစ်ပတ်နေတဲ့ နတ်ပေါက်စီကိုကြည့်ပြီး
“ရေချိုးပါဦးကွာ” လို့ ပြောသတဲ့။ သူ့တံတားပေါ်ကနေ
သန့်ရှင်းတဲ့သူတွေကိုပဲ ပေးလျှောက်တယ်ဆိုပါလား။



နတ်ပေါက်စီလေးဟာ အလျှင်လိုနေပေမယ့်
ကလေးတွေ ကျန်းမာဖို့ သူ့အပေါ် မူတည်နေတယ်လေ။
သူဟာ တံတားအောက်က စမ်းချောင်းလေးမှာ
ရေချိုးလိုက်တယ်။ ရေလေးက အေးမြနေတာမို့
နတ်ပေါက်စီလေး အမောပြေသွားတော့တယ်။



တံတားလေးညွှန်တဲ့
လမ်းအတိုင်း လျှောက်လာရင်း
တောင်ကုန်းကြီးတစ်ခုတွေ့တယ်။
အဲဒီတောင်ကုန်းကျော်ရင် ဖိုးဖိုးဇီဝက
ရှိတဲ့ တောအုပ်ကိုရောက်ပြီတဲ့။
အနီးဆုံးလမ်းကို သိရဖို့ တောင်ကုန်းကြီးကို
လမ်းမေးရပြန်တာပေါ့။



တောင်ကုန်းကြီးကပြောတယ်။ ခရီးပန်းလာတဲ့ နတ်ပေါက်စီကို
အရင်ဆုံး ခဏတစ်ဖြုတ်တော့ တောင်ခြေရင်းမှာ နားပါဦးလို့ပေါ့။
ဒါပေမဲ့လည်း နတ်ပေါက်စီဟာ မနားဘူး။ ဘာလို့လဲဆိုတော့
ကလေးတွေအတွက် အဖြေရှာဖို့ အရမ်းအရေးကြီးနေပြီလေ။



တောင်ထိပ်ကိုရောက်လာပြီ။ နတ်ပေါက်စီဟာ
အောက်ကို ပြန်ကြည့်လိုက်တော့ သူလာခဲ့တဲ့
လမ်းလေးဟာ သိပ်ကိုလှတာ တွေ့ရသတဲ့။
နတ်ပေါက်စီဟာ ခဏနားဖို့ ဆုံးဖြတ်လိုက်ပြီး
မောမောနဲ့ တောင်ထိပ်မှာ ပက်လက်လှန်လိုက်တယ်။

အရမ်းပင်ပန်းလာတာမို့
ချက်ချင်းကိုပဲ
အိပ်ပျော်သွားတော့တယ်။



နတ်ပေါက်စီ အိပ်ရာက နိုးလာတော့
အားအင်တွေအပြည့်နဲ့ပေါ့။
တောင်ကုန်းကြီးလမ်းညွှန်တဲ့အတိုင်း
ဖိုးဖိုးဇီဝကဆီ ထွက်လာခဲ့တယ်။
နတ်ပေါက်စီဟာ နောက်ဆုံးတော့
ဖိုးဖိုးဇီဝကဆီကို ရောက်ပါပြီ။
နတ်ပေါက်စီက
သူလာရတဲ့အကြောင်းအရင်း
ပြောပြတယ်။ ပြီးတော့ သူလမ်းမှာ
ကြုံခဲ့ရတာတွေကိုလည်းပြောပြသတဲ့။




ဖိုးဖိုးဇီဝက က "ကလေးတွေ ကူးစက်ရောဂါမရဘဲ
ကျန်းမာဖို့ဆိုတာ လမ်းမှာ နတ်ပေါက်စီလုပ်ခဲ့တဲ့အရာတွေ
အားလုံး လုပ်ပေးဖို့ပဲ လိုအပ်တာပါ။ သစ်ပင်ကြီးက
သစ်သီးတွေကျွေးသလို ပြည့်ဝမျှတတဲ့ အစားအစာတွေ
ကလေးတွေကိုကျွေးရမယ်။ တံတားအောက်က
စမ်းချောင်းမှာ ရေချိုးသလိုပဲ တစ်ကိုယ်ရည်သန့်ရှင်းရေးကို
အမြဲ ဂရုစိုက်ရမယ်။ ဟော  တောင်ထိပ်မှာ အိပ်ခဲ့လို့
အာဟာရပြည့်သွားတယ်မဟုတ်လား။ ကလေးတွေကလည်း
အိပ်စက်အနားယူချိန်လုံလောက်ဖို့ လိုတယ်ကွယ့်။ နောက်ပြီး
ဖိုးဖိုးဆီကို လမ်းလျှောက်လာခဲ့တာမို့ နတ်ပေါက်စီဟာ
ကိုယ်လက် လေ့ကျင့်ခန်း လုပ်ပြီးသားဖြစ်တယ်။
ကလေးတွေအတွက် ခုန်ပေါက်ကစားတာတွေဟာ
ကိုယ်လက်လေ့ကျင့်ခန်းလုပ်သလိုပါပဲ။  ဒါတွေဟာ ကလေးတွေရဲ့
ကိုယ်ခံအားကောင်းဖို့အတွက် လိုအပ်နေတာတွေပါပဲ။
နောက်ဆုံးအချက်ကတော့ ချစ်ခြင်းမေတ္တာပါပဲ နတ်ပေါက်စီရေ။
ကလေးတွေကို ကူညီချင်တာကြောင့် တပင်တပန်း ခုလို ဖိုးဖိုးကို
လိုက်ရှာတဲ့ နတ်ပေါက်စီရဲ့ ချစ်ခြင်းမေတ္တာကြောင့် ကလေးတွေ
ကျန်းမာကြမှာပါ။  တကယ်တော့ ကလေးတွေ ကျန်းမာဖို့
လိုနေတာ အဲဒီ အချက်တွေပဲ" လို့ ပြောတယ်။

ခုတော့ နတ်ပေါက်စီလေးဟာ ဝမ်းသာအားရပျော်ရွှင်စွာနဲ့ ကလေးတွေဆီကို ပြန်လာခဲ့ပါပြီ။ နတ်ပေါက်စီဆီမှာ ကလေးတွေ ကူးစက်ရောဂါ မရဘဲ ကျန်းမာဖို့ နည်းလမ်းလေးတွေလည်း ပါလာတယ်လေ။ ဒီနည်းလမ်းလေးတွေကို ကလေးတွေသာ ပုံမှန် လိုက်နာမယ်ဆိုရင် နေမကောင်းလည်းဖြစ်တော့မှာ မဟုတ်ဘူး။ နတ်ပေါက်စီဟာ ကလေးတွေကိုချစ်ပြီး ကူညီတတ်တဲ့ နတ်လေးတစ်ပါးပါပဲ။

